# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သော တင်သွင်းလွှာအမှုအား လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ

ဒေါက်တာကြည်ကြည်ခင်
ဒုတိယညွှန်ကြားရေးမှူး
တရားစီရင်ရေးဌာနခွဲ

ဦးနန္ဒအောင်
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ



၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၃ ရက်

# ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သော တင်သွင်းလွှာအမှုအား လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နိဒါန်း | |
| ၁။ | ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးပေါ်ပေါက်လာပုံ | ၃ |
| ၂။ | ဖွဲ့စည်းတည်ဆောက်ပုံ | ၃ |
| | ၂.၁။ စီရင်ပိုင်ခွင့်အာဏာ | |
| | ၂.၁.၁။ ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်း | |
| | ၂.၁.၂။ စွပ်စွဲပြစ်တင်မှုအပေါ် စီရင်ဆုံးဖြတ်ခြင်း | |
| | ၂.၁.၃။ နိုင်ငံရေးပါတီ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခြင်း | |
| | ၂.၁.၄။ လုပ်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများအပေါ် စီရင်ဆုံးဖြတ်ခြင်း | |
| | ၂.၁.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်တန်းမှုများအပေါ် စီရင်ဆုံးဖြတ်ခြင်း | |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု | ၇ |
| ၄။ | မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံထားရသော နိုင်ငံရေးပါတီတစ်ခု၏ ပါတီအမည်ကို အသုံးပြုခြင်းအား တားမြစ်သည့် တင်သွင်းလွှာအမှု | ၈ |
| | ၄.၁။ တင်သွင်းလွှာအမှတ် | |
| | ၄.၂။ တိုင်တန်းသူများနှင့် လျှောက်ထားသူများ၏ ကိုယ်စားလှယ်များ | |
| | ၄.၃။ ဆုံးဖြတ်သည့်နေ့စွဲ | |
| | ၄.၄။ အမှုဖြစ်အကြောင်းအရာ | |
| | ၄.၅။ သုံးသပ်သည့်အကြောင်းအရာ | |
| | ၄.၆။ ဆုံးဖြတ်ချက် | |
| ၅။ | တိုင်တန်းသူများ၏ လျှောက်လဲချက်နှင့် လျှောက်ထားသည့်တရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပေးရန် | ၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | တောင်းဆိုချက်အတွက် အကြောင်းပြချက်များ | |
| ၆။ | တောင်းဆိုမှုအပေါ်သုံးသပ်ချက် | ၁၃ |
| ၇။ | အကျိုးသက်ရောက်မှုနှင့် အကောင်အထည်ဖော်မှု | ၂၀ |
| ၈။ | လေ့လာတွေ့ရှိချက်နှင့် အကြံပြုတင်ပြချက် | ၂၁ |
| | နိဂုံး | ၂၂ |

# ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သော တင်သွင်းလွှာအမှုအား လေ့လာတင်ပြခြင်း

## နိဒါန်း

ကိုရီးယားသမ္မတနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်ပြီး ဥရောပ ဥပဒေစနစ်ကို ကျင့်သုံးသော နိုင်ငံလည်းဖြစ်ပါသည်။ နိုင်ငံတော်၏အာဏာများကို နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ ဥပဒေပြုအဖွဲ့ (အမျိုးသားလွှတ်တော်)နှင့် တရားရုံးတို့က ခွဲခြားကျင့်သုံးသဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးကဏ္ဍတို့ကို သီးခြားခွဲခြားထားရှိပါသည်။ အခြေခံဥပဒေဆိုင်ရာ သုံးသပ်မှုများကို ဆောင်ရွက်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအခန်းကဏ္ဍကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သီးခြားထည့်သွင်း ဖော်ပြထားသည်။ ယခုတင်ပြပါစာတမ်းသည် ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၂၀၁၄ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သော တင်သွင်းလွှာအမှုများအနက် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းခံထားရသော နိုင်ငံရေးပါတီ၏ အမည်ကို သုံးစွဲခြင်းအား တားမြစ်သည့် တင်သွင်းလွှာအမှုအား လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## ၁။ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ပေါ်ပေါက်လာပုံ

ဂျပန်တို့၏ အုပ်ချုပ်မှုမှ လွတ်မြောက်ခဲ့ပြီးနောက် ၃ နှစ်အကြာတွင် ကိုရီးယားပြည်သူများက အမျိုးသားလွှတ်တော် အထွေထွေရွေးကောက်ပွဲကို ကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ထို့နောက် ၁၉၄၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) တွင် တရားစီရင်ရေးအာဏာကို အပ်နှင်းထားသော တရားရုံးများ၏ အခန်းကဏ္ဍကို ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မတီကို ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၁ တွင် " ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရန် အခွင့်အာဏာကို အပ်နှင်းထားခြင်းနှင့် စွပ်စွဲပြစ်တင်ခြင်းအမှုများကို စစ်ဆေးခြင်းတို့ဖြစ်သည်။" ယင်းစနစ်ပုံစံသည် ဂျာမနီ နှင့် ပြင်သစ်စနစ်ကို ပူးတွဲ၍ ကျင့်သုံးထားသောစနစ်ဟု အများက လက်ခံခဲ့ကြသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီတွင် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး တရားလွှတ်တော်ချုပ်က ရွေးချယ်သော တရားသူကြီး (၅) ဦးနှင့် ဥပဒေပြုအဖွဲ့က ရွေးချယ်သော အဖွဲ့ဝင် (၅) ဦးပါဝင်ဖွဲ့စည်းထားသည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ်တွင် စစ်ပွဲဖြစ်ပွားခဲ့သော ကိုရီးယားစစ်ပွဲကြောင့် ၁၉၄၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဆက်လက်အာဏာတည်မြဲခြင်း မရှိတော့ပေ။

ယင်းနောက် နိုင်ငံရေးအခြေအနေသည်မူလ အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီးနောက် အမျိုးသားလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်အတူ ဥပဒေပြုရေးအဖွဲ့ကို ဖျက်သိမ်းပြီးအသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ ပါလီမန်စနစ်ကိုကျင့်သုံးသော အစိုးရအဖွဲ့ကို တည်ထောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်နှင့် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပခြင်းတို့ကို

ကတိကဝတ်ပြုထားသော ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ဒုတိယသမ္မတနိုင်ငံတော် (Second Republic)ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းမှတစ်ဆင့် တည်ထောင်ခဲ့သည်။ ဒုတိယ သမ္မတနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားလွှတ်တော်ကထုတ်ပြန်ကြေညာပြီးနောက် ၁၉၆၀ ပြည့်နှစ် ဇွန် လ ၁၅ ရက်နေ့တွင် အတည်ပြုပြီး ချက်ချင်းအာဏာသက်ရောက်ခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ခေါင်းစဉ်ဖြင့် သီးခြားဖော်ပြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီအစား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို စတင်တည်ထောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို နိုင်ငံတော် သမ္မတ၊အမျိုးသားလွှတ်တော်နှင့်တရားလွှတ်တော်ချုပ်တို့မှ တရားသူကြီး (၃) ဦးစီဖြင့် ဖွဲ့စည်းရမည် ဖြစ်ကြောင်းပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမျိုးသား လွှတ်တော်က ပြဋ္ဌာန်းသော အက်ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများအကြား အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ နိုင်ငံရေးပါတီများ ဖျက်သိမ်းခြင်း နှင့် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ စွဲဆိုမှုများကို ဆုံးဖြတ်ခြင်းတို့ကို စီရင်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ တရားသူကြီးများ၏ သက်တမ်းမှာ (၆)နှစ်ဖြစ်ပြီး တရားသူကြီး (၃) ဦးသည် (၂) နှစ်တစ်ကြိမ် အစားထိုးခန့်အပ်ရမည် ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။ ၁၉၆၁ ခုနှစ်၊ ဧပြီ လ ၁၇ ရက်နေ့တွင် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းအက်ဥပဒေပြဋ္ဌာန်းပြီး (၁) လအကြာတွင် စစ်တပ်က အာဏာလွှဲပြောင်းရယူမှုဖြစ်ပေါ်ခဲ့သဖြင့် တရားရုံး၏လုပ်ငန်းတာဝန်များကို ဆောင်ရွက် ရန် အခွင့်အရေး မရရှိခဲ့ပေ။

စစ်အုပ်ချုပ်ရေး ဖျက်သိမ်းပြီးနောက် ၁၉၆၂ ခုနှစ်တွင် စစ်အစိုးရက စေ့စပ်ညှိနှိုင်းရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အဓိကထား ဆောင်ရွက်ခဲ့ သည်။ ယင်းနောက် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာ လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့၍ တတိယသမ္မတနိုင်ငံတော်(Third Republic) ဖြစ်လာခဲ့သည်။ တတိယ သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖျက်သိမ်း ပြီး အမေရိကန်စနစ်ကို ကျင့်သုံး၍ တရားလွှတ်တော်ချုပ်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ပိုင်ခွင့်ကို အပ်နှင်းခဲ့သည်။ သို့သော် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ စွဲဆိုခြင်းများကိုမူ စွပ်စွဲ ပြစ်တင်ခြင်းဆိုင်ရာ ခုံရုံးကို ဖွဲ့စည်း၍ စီရင်ဆုံးဖြတ်ခဲ့ကြသည်။

၁၉၆၉ ခုနှစ်တွင် လက်ရှိသမ္မတက သမ္မတသက်တမ်း (၃) ကြိမ်အထိ ထမ်းဆောင်နိုင်ရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း မူကြမ်းကို အမျိုးသားလွှတ်တော်ထံသို့ တင်သွင်းခဲ့ပြီး ယင်းပြင်ဆင်ချက်မူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူ၍ အတည်ပြုခဲ့ကြသည်။ ထို့နောက် ၁၉၇၁ ခုနှစ်၌ နိုင်ငံတော်သမ္မတက နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာခဲ့ပြီး နောက်ပိုင်းတွင် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် နိုင်ငံတော်အရေးပေါ်ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခုကို မူကြမ်းရေးဆွဲ၍ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံ

အခြေခံဥပဒေသည် (၇) ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဖြစ်ပြီး ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟု အသိအမှတ်ပြုခဲ့ကြသည်။ ယင်း ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်ကို ထပ်မံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မတီထံသို့ အပ်နှင်းခဲ့သည်။ စတုတ္ထသမ္မတနိုင်ငံ(Fourth Republic)၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကော်မတီသည် လက်တွေ့အားဖြင့် အမည်ခံသက်သက်သာ တည်ရှိနေသည်။

၁၉၇၉ ခုနှစ်တွင် သမ္မတလုပ်ကြံသတ်ဖြတ်ခံရခြင်းသည် တစ်ဦးတည်း ကြာရှည်စွာ အုပ်စိုးမှုကို အဆုံးသတ်စေခဲ့သည်။ နောက်ဆုံးတွင် ဒီမိုကရေစီပိုဆန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခု ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်သူများက ဦးဆောင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက် အမျိုးသား လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအပေါ် ဆွေးနွေးတိုင်ပင်သည့် အထူးကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီတွင် အနိုင်ရပါတီ နှင့် အတိုက်အခံပါတီများအကြား ညီတူညီမျှခွဲဝေပါဝင်သည့် အဖွဲ့ဝင် ၂၈ ဦးပါဝင်သည်။ ၁၉၈၀ ပြည့်နှစ်တွင် အုပ်ချုပ်ရေးကဏ္ဍက ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ် ၆၉ ဦးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ညှိနှိုင်းဆောင်ရွက်မှု ကော်မတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နိုင်ငံရေးအပြောင်းအလဲများစွာ ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်(မူကြမ်း)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့ပြီး အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်သည် (၈) ကြိမ်မြောက် ပြင်ဆင်ခြင်းဖြစ်သည်။ ယင်းပြင်ဆင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပဉ္စမသမ္မတနိုင်ငံတော် (Fifth Republic)၏ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ယင်းတွင် ပြည်သူများ၏ အခွင့်အရေးများ တိုးတက်ပြောင်းလဲမှုအချို့ရှိခဲ့သည်။ ပဉ္စမသမ္မတနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီ၏ စီရင်ပိုင်ခွင့်များသည် ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ ထည့်သွင်းဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ အရ သီးသန့်အဖွဲ့အစည်းအဖြစ် ဖန်တီးခဲ့သော်လည်း လက်တွေ့တွင် မရှိခဲ့ပေ။

၁၉၈၇ ခုနှစ်တွင် ကိုရီးယားပြည်သူများ၏ ဒီမိုကရေစီ စိတ်ဓာတ်ရင့်သန်လာသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အမျိုးသား လွှတ်တော်သို့ တင်သွင်းခဲ့သည်။ ယင်းပြင်ဆင်ချက်အဆိုကို အစိုးရနှင့် အတိုက်အခံပါတီများအကြား ပူးပေါင်းဆောင်ရွက်၍ ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြင်ဆင်ချက်အဆို ကို ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီး အောက်တိုဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင် ချက်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် စတင်တည်ထောင်ခဲ့ သည်။ ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသမိုင်းကြောင်းကို သင်ခန်းစာယူပြီး နိုင်ငံတော်အာဏာ အလွဲသုံးစားပြုခြင်းကို ထိန်းချုပ်ရန်နှင့် အခြေခံအခွင့်အရေးများကို ကာကွယ်ရန် အဓိကထား ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

## ၂။ ဖွဲ့စည်းတည်ဆောက်ပုံ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး (၉) ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီးအားလုံးကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ တရားသူကြီးများကို ရွေးချယ်ခန့်အပ်ရာတွင် နိုင်ငံတော်သမ္မတက တိုက်ရိုက်ရွေးချယ်ပေးသော တရားသူကြီး (၃) ဦး၊ လွှတ်တော်တစ်ရပ်တည်းသာဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) က ရွေးချယ်ပေးသော တရားသူကြီး (၃) ဦး၊ တရားလွှတ်တော်ချုပ် တရားသူကြီးက အမည်စာရင်း တင်သွင်းသော တရားသူကြီး (၃) ဦးတို့အား အမျိုးသားလွှတ်တော်တွင် တစ်ဦးချင်း ကိုယ်ရေးကြားနာပြီးနောက် ခန့်အပ်တာဝန်ပေးခြင်းတို့ကို ပြုလုပ်သည်။

### ၂.၁။ စီရင်ပိုင်ခွင့်အာဏာ

ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အောက်ပါကိစ္စရပ်များအပေါ် စီရင်ပိုင်ခွင့်အာဏာရရှိသည်-

(က) သာမန်တရားရုံးများ၏ တင်ပြချက်အရ ပြဋ္ဌာန်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ခြင်း၊

(ခ) စွပ်စွဲပြစ်တင်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများအား ဖျက်သိမ်းခြင်း၊

(ဃ) အစိုးရဌာနအဖွဲ့အစည်းများအကြား၊ အစိုးရဌာနအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအစိုးရအကြား လုပ်ပိုင်ခွင့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်တန်းမှုများကို ဆုံးဖြတ်ခြင်း။

### ၂.၁.၁။ ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်း

ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ပြန်လည်သုံးသပ်မှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော ပြဋ္ဌာန်းဥပဒေများကို ပယ်ဖျက်သော စီရင်ဆုံးဖြတ်ခြင်း စနစ် ဖြစ်သည်။ ဥပဒေပြုအဖွဲ့အစည်းကို အပြန်အလှန်ထိန်းညှိသည့် နည်းလမ်းတစ်ရပ် (Check and balance mechanism) ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရာတွင် စီရင်ပိုင်ခွင့်အာဏာအရ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

### ၂.၁.၂။ စွပ်စွဲပြစ်တင်မှုအပေါ် စီရင်ဆုံးဖြတ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဆင့်မြင့်ပုဂ္ဂိုလ်များ (high ranking public officials) အပေါ် စွပ်စွဲပြစ်တင်မှုများ၌ စီရင်ပိုင်ခွင့်အာဏာရှိသည်။ ယေဘုယျအားဖြင့် စွပ်စွဲပြစ်တင်မှုဆိုင်ရာ တရားစွဲဆိုနိုင်ရန်အတွက် အမျိုးသားလွှတ်တော်က စတင်ဆောင်ရွက်၍ ဆုံးဖြတ်ချက်ချမှတ်သည်။ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီ စွပ်စွဲပြစ်တင်မှုဆိုင်ရာ တရားစွဲပုဂ္ဂိုလ်

က တိုင်တန်းချက်ကို စာဖြင့်ရေးသားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းတရားစွဲဆိုသည်။ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေတွင် စွပ်စွဲပြစ်တင်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၌ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည်။

## ၂.၁.၃။ နိုင်ငံရေးပါတီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခြင်း

နိုင်ငံရေးပါတီတစ်ခု၏ ရည်ရွယ်ချက်များ သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုများသည် အခြေခံဒီမိုကရေစီ စည်းမျဉ်းများနှင့် ဆန့်ကျင်ကွဲလွဲနေပါက အဆိုပါနိုင်ငံရေးပါတီကို ဖျက်သိမ်းရန် အုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သုံးသပ်တင်ပြချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်ပြတောင်းဆိုနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာမှာ နိုင်ငံရေးပါတီများက အခြေခံဒီမိုကရေစီစည်းမျဉ်း ချိုးဖောက်ခြင်းမှ ကာကွယ်ရန်နှင့် အုပ်ချုပ်ရေးအဖွဲ့က နိုင်ငံရေးပါတီအပေါ် တစ်ဖက်သတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းများမှ ကာကွယ်ရန်အတွက်ဖြစ်သည်။

## ၂.၁.၄။ လုပ်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်းသော အငြင်းပွားမှုများအပေါ် စီရင်ဆုံးဖြတ်ခြင်း

အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်အာဏာများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအကြားတွင်လည်းကောင်း၊ အဖွဲ့ခွဲများအကြားတွင်လည်းကောင်း ပဋိပက္ခများ ပေါ်ပေါက်လာသည့်အခါ အစိုးရအဖွဲ့များအကြား အာဏာများကို အပြန်အလှန်ထိန်းညှိခြင်းမူသဘောတရားများကို ထိခိုက်စေရုံသာမက အရေးကြီးသော အစိုးရလုပ်ငန်းတာဝန်များကိုလည်း အဟန့်အတားဖြစ်စေသည်။ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကိုလည်း ခြိမ်းခြောက်ထိပါးမှုဖြစ်လာနိုင်သည်။ စနစ်တကျပူးပေါင်းညှိနှိုင်းရန် လိုအပ်သည်။ ထို့ကြောင့် ကိုရီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရန်နှင့် လုပ်ပိုင်ခွင့်အာဏာနှင့် သက်ဆိုင်သော အငြင်းပွားမှုများအပေါ် စီရင်ဆုံးဖြတ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းထားသည်။

## ၂.၁.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်တန်းမှုများအပေါ် စီရင်ဆုံးဖြတ်ခြင်း

အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံသားတစ်ဦး၏ မူလအခွင့်အရေးများကို ချိုးဖောက်ခံရသူ မည်သူမဆို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုင်တန်းလျှောက်ထားနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်တန်းလျှောက်ထားခွင့်သည် ကိုရီးယားဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်ကို ရှင်သန်တိုးတက်စေသည်။

## ၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံပိုင်ခွင့်မရှိဘဲ နိုင်ငံတော်အစိုးရ၊ ဌာနအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအစိုးရများအပေါ် စည်းနှောင်မှုရှိသည်။

## ၄။ မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံထားရသော နိုင်ငံရေးပါတီတစ်ခု၏ ပါတီအမည်ကို အသုံးပြုခြင်းအား တားမြစ်သည့် တင်သွင်းလွှာအမှု

### ၄.၁။ တင်သွင်းလွှာအမှတ်

**တိုင်တန်းသူများအဖြစ်** တိုးတက်ရေးပါတီသစ်၊ အစိမ်းရောင် ပါတီနှင့် လူငယ်ပါတီတို့ဖြစ်ပြီး **လျှောက်ထားသည့် တရားရုံးအဖြစ်** ဆိုးလ်စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးဖြစ်ပါသည်။ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၂ (င) အရ တိုင်တန်းသူများက တင်သွင်းခြင်းဖြစ်သည့်အတွက် တင်သွင်းလွှာ အမှုအမှတ်မှာ ၂၀၁၂ **Hun-Ma ၄၃၁** ဖြစ်ပြီး ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၂ (က) အရ ဆိုးလ်စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးက တင်သွင်းခြင်းဖြစ်သည့်အတွက် တင်သွင်းလွှာအမှုအမှတ်မှာ ၂၀၁၂ **Hun-Ka ၁၉** ဖြစ်ပါသည်။ ယင်းတင်သွင်းလွှာအမှု (၂) ခုစလုံးကို တစ်ပေါင်းတည်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

### ၄.၂။ တိုင်တန်းသူများနှင့် လျှောက်ထားသူများ၏ကိုယ်စားလှယ်များ :

(၁) တာဝန်ခံရှေ့နေ Kim Jung-Jin ပါ (၃) ဦး

Changjo ဥပဒေအကျိုးဆောင်အဖွဲ့

(၂) တာဝန်ခံရှေ့နေ Lee Deok-Woo

WooriHanaro ဥပဒေအကျိုးဆောင်အဖွဲ့

(၃) တာဝန်ခံရှေ့နေ Sung Sang-Hee

**လျှောက်ထားသည့်တရားရုံး** : ဆိုးလ်စီမံခန့်ခွဲရေးဆိုင်ရာ တရားရုံး

**အရင်းခံကိစ္စ** : ဆိုးလ်စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးသည် ဗဟိုပါတီမှတ်ပုံတင်ခြင်းအား ပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာချက်ကို ရုပ်သိမ်းပေးစေလိုခြင်းကိစ္စ။

### ၄.၃။ **ဆုံးဖြတ်ခဲ့သည့် နေ့စွဲ** : ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

### ၄.၄။ အမှုဖြစ်အကြောင်းအရာ

တင်သွင်းလွှာအမှုအမှတ် 2012 Hun-Ma 431၏ တိုင်တန်းသူအားလုံးကလည်း တင်သွင်းလွှာအမှုအမှတ် 2012 Hun-Ka 19 ၏ လျှောက်ထားသူများပင်ဖြစ်သည်။ တိုင်တန်းသူနှင့် လျှောက်ထားသူ (နောင်တွင် "တိုင်တန်းသူ") ဖြစ်သည့် တိုးတက်ရေးပါတီသစ်သည် ၂၀၀၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် တိုင်တန်းသူ အစိမ်းရောင်ပါတီကလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ တွင် တိုင်တန်းသူ လူငယ်ပါတီကလည်းကောင်း အမျိုးသားရွေးကောက်ပွဲကော်မရှင်ထံတွင် အသီးသီးမှတ်ပုံတင်ခဲ့သော်လည်း ၎င်းတို့၏ မှတ်ပုံတင်

ခြင်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ပယ်ဖျက်ခြင်းခံခဲ့ရသည်။ တိုးတက်ရေးပါတီသစ်၏ ကိုယ်စားလှယ်အဖြစ် တိုင်တန်းသူ Hong O-Wha က လည်းကောင်း၊ အစိမ်းရောင်ပါတီ၏ ကိုယ်စားလှယ်အဖြစ် တိုင်တန်းသူ Lee O-Joo က လည်းကောင်း၊ လူငယ်ပါတီ၏ တွဲဖက် ကိုယ်စားလှယ်အဖြစ် တိုင်တန်းသူ Kang O-Hee က လည်းကောင်း ပါဝင်ခဲ့ပါသည်။

တိုင်တန်းသူများဖြစ်ကြသည့် တိုးတက်ရေးပါတီသစ်၊ အစိမ်းရောင်ပါတီနှင့် လူငယ်ပါတီတို့သည် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သော (၁၉) ကြိမ်မြောက် အမျိုးသား လွှတ်တော်ရွေးကောက်ပွဲတွင် တရားဝင် မဲအရေအတွက် စုစုပေါင်း၏ ၁၀၀ ပုံ ၂ ပုံကျော် မရရှိခဲ့ပေ။ (တိုးတက်ရေးပါတီသစ် ၁.၁၃ ရာခိုင်နှုန်း၊ အစိမ်းရောင်ပါတီ ၀.၄၈ ရာခိုင်နှုန်းနှင့် လူငယ်ပါတီ ၀.၃၄ ရာခိုင်နှုန်းတို့ဖြစ်သည်။) နိုင်ငံရေးပါတီများအက်ဥပဒေ အပိုဒ် ၄၄၊ ပုဒ်မ ၁ နှင့်အညီ အမျိုးသား ရွေးကောက်ပွဲကော်မရှင်သည် ၎င်းတို့၏မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပြီး ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်းသည့် ကြေညာချက်ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အတူ နိုင်ငံရေးပါတီများအက်ဥပဒေ အပိုဒ် ၄၁၊ ပုဒ်မ ၄ အရ အချိန်ကာလတစ်ခု ကြာအောင် မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံလိုက်ရသည့် နိုင်ငံရေးပါတီတစ်ခု၏ ပါတီအမည်သုံးစွဲခြင်းကို တားမြစ်ထားသည့်အတွက်ကြောင့် တိုင်တန်းသူများဖြစ်ကြသည့် တိုးတက်ရေး ပါတီသစ်၊ အစိမ်းရောင်ပါတီနှင့် လူငယ်ပါတီတို့သည် ၎င်းတို့၏ပါတီအမည်များကို သုံးစွဲနိုင်ခြင်းမရှိတော့ပေ။

ထို့ကြောင့် တိုင်တန်းသူများသည် နိုင်ငံရေးပါတီများအက်ဥပဒေ အပိုဒ် ၄၁၊ ပုဒ်မ ၄ ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တိုင်တန်းချက်ကို ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် တင်သွင်းခဲ့ပြီး (2012 Hun-Ma 431)၊ ထို့အတူ ယင်းနေ့တွင် အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီမှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းအား ရုပ်သိမ်းပေးရန်အတွက် ဆိုးလ်စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး၌ အမှုတင်သွင်းခဲ့ပါ သည်။ ယင်းအမှုကို စိစစ်ဆောင်ရွက်နေစဉ်အတွင်း တိုင်တန်းသူများက နိုင်ငံရေးပါတီများအက် ဥပဒေ အပိုဒ် ၄၄၊ ပုဒ်မ ၁၊ ပုဒ်မခွဲ ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ပြန်လည်စိစစ်သုံးသပ်ခြင်း လျှောက်ထားချက်အဆိုကို တင်သွင်းခဲ့သည်။ အထက်ဖော်ပြပါ ဆိုးလ် စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးကလည်း အဆိုပါအဆိုကို ခွင့်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ညီညွတ်ခြင်း ရှိ မရှိအပေါ် စိစစ်သုံးသပ်ခြင်း တောင်းဆိုချက်ကို တင်သွင်းခဲ့သည် (2012 Hun-Ka 19)။

## ၄.၅။ သုံးသပ်ချက်အကြောင်းအရာ

အမှုဖြစ်အကြောင်းအရာမှာ နိုင်ငံရေးပါတီများအက်ဥပဒေ (၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် ပြင်ဆင်သည့်အက်ဥပဒေအမှတ် ၇၆၈၃) (2012 Hun-Ma 432) ၏ အပိုဒ် ၄၁၊ ပုဒ်မ ၃ (နောင်တွင် "တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်") နှင့် နိုင်ငံရေးပါတီများအက်ဥပဒေ (၂၀၀၅ ခုနှစ်၊ ဩဂုတ်လ

၄ ရက် ပြင်ဆင်သည့် အက်ဥပဒေအမှတ် ၇၆၈၃) (2012 Hun-Ka 19) ၏ အပိုဒ် ၄၄၊ ပုဒ်မ ၁၊ ပုဒ်မခွဲ ၃ (နောင်တွင် "ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်)တို့ရှိ အပိုဒ် ၄၄၊ ပုဒ်မ ၁၊ အပိုဒ်ခွဲ ၃ နှင့် သက်ဆိုင်သည့်အပိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ညီညွတ်ခြင်း ရှိ မရှိ ကိစ္စပင်ဖြစ်သည်။ တင်သွင်းလွှာအမှုနှင့်အဓိကသက်ဆိုင်သည့် ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**တင်သွင်းလွှာအမှု၏ ပြဋ္ဌာန်းချက်များ**

နိုင်ငံရေးပါတီများအက်ဥပဒေ **(**၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် ပြင်ဆင်သည့်အက်ဥပဒေအမှတ် ၇၆၈၃**)**

**အပိုဒ် ၄၁** (**အမည်ဆင်တူ အသုံးပြုခြင်းကို တားမြစ်ခြင်းစသည်**....)

(၄) အပိုဒ် ၄၄၊ ပုဒ်မ ၁ အရ မှတ်ပုံတင်ခြင်းအား ပယ်ဖျက်ခြင်းခံလိုက်ရသည့် နိုင်ငံရေးပါတီတစ်ရပ်၏ ပါတီအမည်နှင့်ထပ်တူညီသည့် ပါတီအမည်ကို မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်သက်တမ်းကုန်ဆုံးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ပွဲ ပြန်လည်ကျင်းပသည့်နေ့အထိ သုံးစွဲခြင်းမပြုရပေ။

**အပိုဒ် ၄၄** (**မှတ်ပုံတင်စာရင်းကို ပယ်ဖျက်ခြင်း**)

(၁) နိုင်ငံရေးပါတီတစ်ရပ်သည် အောက်ပါစာပိုဒ်ငယ်များအနက်မှ အပိုဒ်ငယ်တစ်ခုခု အတွင်း အကျုံးဝင်နေလျှင် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏မှတ်ပုံတင်ခြင်းကို ပြန်လည်ရုပ်သိမ်းရမည် -

၃။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် အမျိုးသားလွှတ်တော်၌ အမတ်တစ်နေရာရရှိရန် ရှုံးနိမ့်ခြင်းနှင့် တရားဝင် မဲအရေအတွက် စုစုပေါင်း၏ ၁၀၀ ပုံ ၂ ပုံထက်ပို၍ ရရှိရန် ရှုံးနိမ့်ခြင်း

**၄.၆။ ဆုံးဖြတ်ချက်**

နိုင်ငံရေးပါတီများ အက်ဥပဒေ (၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် ပြင်ဆင်သည့် အက်ဥပဒေ အမှတ် ၇၆၈၃) ၏ အပိုဒ် ၄၁၊ ပုဒ်မ ၃ နှင့် အပိုဒ် ၄၄၊ ပုဒ်မ ၁၊ ပုဒ်မခွဲ ၃ တို့ရှိ အပိုဒ် ၄၄၊ ပုဒ်မ ၁၊ ပုဒ်မခွဲ ၃ နှင့်စပ်လျဉ်းသည့် အပိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း အောက်ဖော်ပြပါ အချက်များအရ ဆုံးဖြတ်ခဲ့သည်-

ကိုယ်စားပြုဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍဖြစ်သောကြောင့် နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာဖွဲ့စည်းခွင့်ကို ကန့်သတ်သော ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် တတ်နိုင်သမျှ ကန့်သတ်မှုအနည်းဆုံးဖြစ်ရမည်ဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံရေးပါတီ မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းကို ထည့်သွင်းဖော်ပြထားသော ပြဋ္ဌာန်းချက်

တစ်ရပ်ရပ်ကို ပြဋ္ဌာန်းရာတွင် မရှိမဖြစ် လိုအပ်သောနယ်ပယ်အတွင်း တိကျသော စံနှုန်းအပေါ် အခြေပြု၍ ပြဋ္ဌာန်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးပါတီ၏ နိုင်ငံရေးဆိုင်ရာ ဆောင်ရွက်ချက် လုပ်ဆောင်ရန် မဖြစ်နိုင်တော့ခြင်း၊ ၎င်းပါတီ၏ ဆက်လက်တည်ရှိမှုကို ပိတ်ပင် တားမြစ်ခြင်းကြောင့် ပင်ဖြစ်သည်။

ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းထားသော အချက်အလက်များထက် ကန့်သတ်မှုအနည်းဆုံးနည်းလမ်းကို ပိုမိုထည့်သွင်းစဉ်းစားနိုင်ရမည်ဖြစ်သည်။ ယင်းပယ်ဖျက်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်တွင်မူ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတစ်ခုတည်းတွင် ပါတီတစ်ခုသည် ဆန္ဒမဲအရေအတွက်အချို့ရရှိရန် သို့မဟုတ် အမတ်နေရာရရှိရန် ရှုံးနိမ့်ခြင်းဖြစ်ပေါ်လျှင် ယင်းပါတီ၏ မှတ်ပုံတင်စာရင်းကိုပယ်ဖျက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သာဓကအားဖြင့်အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတစ်ခုတည်း၏ ရလဒ်အပေါ်အခြေခံခြင်းမဟုတ်ဘဲနိုင်ငံရေးပါတီတစ်ရပ်၏ မှတ်ပုံတင် စာရင်း ပယ်ဖျက်ခြင်းကို အချိန်အတိုင်းအတာတစ်ခုအထိ ရွေးကောက်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်၍ အခွင့်အရေးများ ပေးအပ်ပြီးနောက် ရရှိလာသော ရွေးကောက်ပွဲရလဒ်အပေါ်မူတည်၍ ဆုံးဖြတ်နိုင် သည်။ ထို့အပြင် အသစ်စတင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများသည် အစပိုင်းတွင် နိုင်ငံရေးအရ ထောက်ခံမှု မြင့်မြင့်မားမားရရှိရန် ခက်ခဲသောကြောင့် ပါတီမှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းကို အကြံပြုထားသည့် ကိုယ်စားလှယ်လောင်းများ၏ မဲဆန္ဒနယ်များခွဲဝေမှု၊ မဲဆန္ဒနယ်အရေအတွက်နှင့် ယင်းမဲဆန္ဒနယ်များမှ ရရှိလာသော ဆန္ဒမဲရရှိနှုန်းတို့ကို ပေါင်းစပ်ကာ ဆုံးဖြတ်နိုင်သည်။ ထို့ကြောင့် ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် ဥပဒေပြုခြင်းဆိုင်ရာ ရည်ရွယ်ချက်ရောက်ရှိရန် မရှိမဖြစ် လိုအပ်သော နယ်ပယ်ထက်ကျော်လွန်၍ တရားလွန်ကန့်သတ် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုနည်း တူစွာ တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည်လည်း ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အပေါ် အခြေ တည်လျက်ရှိနေသောကြောင့် ယင်းပြဋ္ဌာန်းချက်သည် အထက်ဖော်ပြပါ အကြောင်းအချက်များ အတိုင်း နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာ တည်ထောင်ခြင်းကို ချိုးဖောက်ရာရောက်နေသည်။

## ရှင်းလင်းချက်

### ၅။ တိုင်တန်းသူများ၏ လျှောက်လဲချက်နှင့် လျှောက်ထားသည့်တရားရုံး၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပေးရန် တောင်းဆိုချက်အတွက် အကြောင်းပြချက်များ

**(က) တိုင်တန်းသူများ၏ လျှောက်လဲချက်**

တားမြစ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်၏ ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်မှာ မရှင်းမလင်းဖြစ်၍ ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်သည် ပါတီငယ်များ စည်းမျဉ်းစည်းကမ်းမရှိ တည်ထောင်ခြင်း အား စစ်ဆေးခြင်းမှတစ်ဆင့် ဆန္ဒမဲပေးပိုင်ခွင့်ကို အာမခံပေးခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆလျှင် တားမြစ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံရသော နိုင်ငံရေးပါတီ တစ်ခု၏ အမည်နှင့် ဆင်တူအမည်မဟုတ်ဘဲ တူညီသောအမည်ကို အသုံးပြုခြင်းအား ရှင်းရှင်းလင်း

လင်း တားမြစ်ထားသောကြောင့် ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်ကို ဖန်တီးပေးနိုင်သည့် သင့်လျော်သော နည်းလမ်းမဟုတ်ပေ။ ထို့ပြင် မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းနှင့်သက်ဆိုင်သော သတ်မှတ်ချက်များသည် နိုင်ငံရေးပါတီငယ်များ စည်းမျဉ်းစည်းကမ်းမရှိ တည်ထောင်ခြင်းနှင့် သက်ဆိုင်သည့် ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို ဖန်တီးပေးနိုင်ရန် လုံလောက်မှုရှိသော်လည်း အထက်ဖော်ပြပါပြဋ္ဌာန်းချက်သည် မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်း ခံရသည့် နိုင်ငံရေးပါတီတစ်ခု၏ အမည်ကို အသုံးပြုခြင်းအား တားမြစ်ထားခြင်းဖြစ်သည်။ ဤတားမြစ်ချက်သည် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၏ ဆက်လက်တည်မြဲမှုကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေပြီး ကန့်သတ်မှုအနည်းဆုံးနည်းလမ်းများ၏ သတ်မှတ်ချက်နှင့် ဥပဒေဆိုင်ရာအကျိုးအမြတ်များအကြား မျှတသော သတ်မှတ်ချက်ကိုလည်း ချိုးဖောက်သည်။ တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံထားရသော နိုင်ငံရေးပါတီများအား ပါတီ၏ အမည်ကို ပြောင်းခိုင်းစေခြင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုရန် ပြည်သူများအတွက် ခက်ခဲစေခြင်းဖြင့်လည်းကောင်း ပါတီနိုင်ငံရေး တိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် တားမြစ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် တိုင်တန်းသူများ၏ နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာဖွဲ့စည်းခွင့်ကို နှောင့်ယှက်ရာရောက်ပါသည်။

## (ခ) လျှောက်ထားသည့်တရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ တောင်းဆိုချက်အတွက် အကြောင်းပြချက်များ

ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်ပွဲတွင် အောင်မြင်သောရလဒ်တစ်ခုကဲ့သို့ ဖြစ်ရပ်တစ်ခုအပေါ် ရိုးရှင်းစွာ အခြေခံထားသော နိုင်ငံရေးပါတီတစ်ရပ်ကို ဖယ်ရှားခြင်းဖြစ်ပြီး နိုင်ငံရေးဆိုင်ရာဖွဲ့စည်းပုံမှ ပါတီအသစ်နှင့် ပါတီငယ်များကို ဖယ်ရှားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၄ ၏ ရည်ရွယ်ချက်ကို ပျက်ပြားစေသော နိုင်ငံရေးပါတီတို့၏ နိုင်ငံရေးစည်းလုံးညီညွတ်မှုကို တားဆီးခြင်းဖြင့် လက်ရှိ ပါတီနိုင်ငံရေးစနစ်ကို ခိုင်မာတောင့်တင်းစေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၄ တွင် အချို့သောကိစ္စများတွင်သာ တင်းကြပ်သော သတ်မှတ်ထားချက်များနှင့်အညီ နိုင်ငံရေးပါတီ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ကန့်သတ်ချက်ထားရှိ၍ ခွင့်ပြုပေးထားခြင်းဖြစ်သည်။

ထို့အပြင် နိုင်ငံရေးပါတီများအက်ဥပဒေ အပိုဒ် ၄၄၊ ပုဒ်မ ၁၊ အပိုဒ်ခွဲ ၃ တွင် ပြဋ္ဌာန်းထားသည့် အချက်အပေါ်အခြေခံ၍ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် လွှတ်တော်ကိုယ်စားလှယ် သက်တမ်းကုန်ဆုံးသွားခြင်းကြောင့်ဖြစ်စေ၊ ဒေသန္တရအစိုးရအကြီးအကဲများအတွက်ဖြစ်စေ ပါတီငယ်များနှင့် အသေးအဖွဲ့ပါတီများကို ဒေသန္တရလွှတ်တော်အမတ်များ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ကိုသာ တိုက်တွန်းမှုဖြစ်စေကြောင်းမှာ အခိုင်အမာပင်ဖြစ်သည်။ ထို့အပြင် ယင်းပြဋ္ဌာန်းချက်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရွေးကောက်ပွဲတွင် ပါတီငယ်များနှင့် အသေးအဖွဲ့

ပါတီများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ သိသိသာသာ တားမြစ်ခြင်းဖြင့် နိုင်ငံရေးပါတီ၏ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုကို ချိုးဖောက်ရာရောက်သည်။

## ၆။ တောင်းဆိုမှုအပေါ်သုံးသပ်ချက်

### (က) အမှု၏ ပြဋ္ဌာန်းချက်များအရ ကန့်သတ်ခြင်းခံရသည့် အခြေခံအခွင့်အရေးများ

နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာဖွဲ့စည်းခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၁ ၏ ရှေ့အပိုင်းတွင် ပြဋ္ဌာန်းထားသော်လည်း ယင်းပြဋ္ဌာန်းချက်သည် နိုင်ငံသားတစ်ဦးချင်း၊ နိုင်ငံရေး ပါတီများနှင့် မှတ်ပုံတင်စာရင်းပယ်ဖျက်ခြင်းခံထားရသော နိုင်ငံရေးပါတီများက အသိအမှတ်ပြုထား သည့် "အခြေခံအခွင့်အရေး" တစ်ရပ်ဖြစ်သည်။ အမှု၏ ပြဋ္ဌာန်းချက်များအရ ကန့်သတ်ခြင်းခံရသော အခြေခံအခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၁ ၏ ရှေ့အပိုင်းတွင် ပြဋ္ဌာန်းထား ခြင်းဖြစ်သည်။ ယင်းအပိုဒ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၁၊ ပုဒ်မ ၁ အရ "လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်" ၏ အထူးပြဋ္ဌာန်းချက်တစ်ရပ်ပင် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၁ ရှေ့အပိုင်းတွင် နိုင်ငံရေးပါတီတစ်ရပ်လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကိုသာ အတိအလင်း အာမခံထားသော်လည်း နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်း ခွင့်တွင် နိုင်ငံရေးပါတီတစ်ရပ်ကို လွတ်လပ်စွာ ထိန်းသိမ်းစောင့်ရှောက်ထားခွင့်နှင့် နိုင်ငံရေးပါတီကို လွတ်လပ်စွာ လှုပ်ရှားခွင့်တို့လည်း အကျုံးဝင်သည်။ နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့် ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဖြင့် ကာကွယ်ရမည့်တစ်ခုတည်းသော လွတ်လပ်မှုဟု မှတ်ယူပြီး မည်သည့်နိုင်ငံရေးပါတီကိုမဆို ဖွဲ့စည်းပြီးနောက် အချိန်မရွေးဖျက်သိမ်းနိုင်သည် သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုများကို နိုင်ထက်စီးနင်းတားမြစ်ပိတ်ပင်နိုင်သည်ဟု မှတ်ယူလျှင် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာဖွဲ့စည်းခွင့်သည် လက်တွေ့တွင် အဓိပ္ပာယ်မရှိဘဲ အမည်ခံသာ ဖြစ်လာမည်။

တစ်ချိန်တည်းမှာပင် နိုင်ငံရေးပါတီတစ်ရပ်၏ အမည်တစ်ခုသည် နိုင်ငံရေးပါတီ၏ မူဝါဒနှင့် နိုင်ငံရေးခံယူချက်ကိုပြသသော စံပြလက္ခဏာဖြစ်သောကြောင့် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်တွင်လည်း ၎င်းရွေးချယ်ထားသည့် အမည်တစ်ခုဖြင့် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် ၎င်းနိုင်ငံရေးပါတီအမည်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကို လွတ်လပ်စွာလုပ်ဆောင်ခွင့်တို့ ပါဝင်သည်။

ယခုတင်သွင်းလွှာအမှုတွင် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် တိုင်တန်းသူများ၏ နိုင်ငံရေး လှုပ်ရှားမှုများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်နှင့် နိုင်ငံရေးပါတီကို လွတ်လပ်စွာ ထိန်းသိမ်းစောင့်ရှောက်ခွင့်တို့ ပါဝင်သော နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ကန့်သတ်ထားသည်။ ယင်းအချက်ကြောင့် တိုးတက်ရေးပါတီသစ်၊ အစိမ်းရောင်ပါတီနှင့် လူငယ် ပါတီတို့သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် အမျိုးသားလွှတ်တော်တွင် အမတ်နေရာရ

ရှိရန် သို့မဟုတ် မဲအရေအတွက် သတ်မှတ်အဆင့်တစ်ခုကိုရရှိရန် ရှုံးနိမ့်သဖြင့် ၎င်းတို့၏ပါတီ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်လိုက်ခြင်းပင်ဖြစ်သည်။ တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် မှတ်ပုံ တင်စာရင်း ပယ်ဖျက်ခြင်းခံထားရသော တိုးတက်ရေးပါတီသစ်၊ အစိမ်းရောင်ပါတီနှင့် လူငယ်ပါတီ တို့ကို မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံထားရသော နိုင်ငံရေးပါတီများ၏ အမည်တူများ အသုံးပြု ခြင်းကို တားမြစ်ပိတ်ပင်ခြင်းဖြင့် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ကန့်သတ်ထား ခြင်းပင်ဖြစ်သည်။

**(ခ) နိုင်ငံရေးပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းတာဝန်နှင့် အခြေခံအခွင့်အရေးများ ကန့်သတ်ခြင်းအပေါ် ကန့်သတ်ချက်များ**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၂ တွင် "နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ရည်မှန်းချက်များ၊ အဖွဲ့အစည်းများနှင့် လှုပ်ရှားမှုများတွင် ဒီမိုကရေစီနည်းလမ်း ကျနမှုရှိရေးနှင့် နိုင်ငံရေးဆန္ဒများ ဖော်ထုတ်ရာတွင် ပြည်သူအားလုံးပူးပေါင်းပါဝင်ရန်အတွက် လိုအပ်သော စည်းရုံး ရေး အစီအစဉ်များထားရှိရမည်" ဟု ပြဋ္ဌာန်းထားပြီး နိုင်ငံရေးပါတီများအက်ဥပဒေ အပိုဒ် ၂ တွင် "ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ "နိုင်ငံရေးပါတီများ" ဟူသော ဝေါဟာရသည် တာဝန်သိ နိုင်ငံရေးအခိုင်အမာပြောဆိုချက်များ သို့မဟုတ် မူဝါဒများကို မြှင့်တင်ရန်ရည်ရွယ်၍ အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူများ၏ နိုင်ငံရေးဆန္ဒများ ဖော်ထုတ်ရာတွင် ရာထူးနေရာများ အတွက် ကိုယ်စားလှယ်လောင်းများအား အကြံပြုထောက်ခံခြင်း သို့မဟုတ် ထောက်ခံအားပေးခြင်း ဖြင့် ပါဝင်ဆောင်ရွက်ရန်အတွက် ကိုယ်ကျိုးမပါဝင်ဘဲ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုကိုဆိုသည်။

ပြည်သူနှင့် နိုင်ငံတော်တို့အကြား ကြားဝင်ဖျန်ဖြေရေးအဖွဲ့တစ်ခုဖြစ်သည့် နိုင်ငံရေးပါတီ တစ်ရပ်သည် ပြည်သူများ၏ နိုင်ငံရေးအမြင်မျိုးစုံကို စုစည်းကာ ပေါင်းစည်းပေးသော နိုင်ငံရေး လမ်းကြောင်းတစ်ခုအဖြစ် တက်ကြွလွတ်လပ်စွာ လုပ်ဆောင်လျက်ရှိသည်။ ဤသို့ဖြင့် ကြီးမား ကျယ်ပြန့်သော နိုင်ငံရေးသဘောထားအမြင်ကြီးတစ်ခု ဖြစ်ပေါ်လာစေခြင်းသည် နိုင်ငံတော်၏ မူဝါဒများနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏ ဆုံးဖြတ်ချက်များအပေါ် တိုက်ရိုက်ဩဇာသက်ရောက်စေ နိုင်သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် အဓိကဇာတ်ဆောင်၊ ဖျန်ဖြေသူတစ်ဦးဖြစ်ပြီး ဒီမိုကရေစီ၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိနေခြင်းကြောင့် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာတည်ထောင်ခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုများ လွတ်လပ်စွာလုပ်ဆောင်ခြင်းသည် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်သည်။

၂။ ယနေ့ကိုယ်စားပြုဒီမိုကရေစီခေတ်တွင် ယေဘုယျအားဖြင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်မှလွဲ၍ နိုင်ငံရေးပါတီတစ်ရပ်၏ အခရာနှင့် လုပ်ငန်းတာဝန်ကို ထည့်သွင်းစဉ်းစားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၈၊ ပုဒ်မ ၁ တွင် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်အတွက် လွတ်လပ်သော အာမခံချက်တစ်ရပ်ကို ပြဋ္ဌာန်းထားပြီး ၎င်း၏အထူးအရေးကြီးမှုကို မီးမောင်းထိုး

ပြထားသည်။ အပိုဒ် ၈၊ ပုဒ်မ ၁ တွင် "နိုင်ငံရေးပါတီများ တည်ထောင်ခြင်းသည် လွတ်လပ်ရမည်ဖြစ်ပြီး ပါတီစုံစနစ်ကို အာမခံပေးရမည်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံအခွင့်အရေးအဖြစ် နိုင်ငံတော်မှ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ နိုင်ငံရေးပါတီတစ်ရပ် ဖွဲ့စည်းခွင့်ကို လူတိုင်းခံစားခွင့်ရရှိစေရန် အာမခံထားသည့်အပြင် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ကာကွယ်ခြင်း၏ သဘာဝရလဒ်အဖြစ် ပါတီစုံစနစ်ကိုလည်း အာမခံ ပေးထားသည်။

နိုင်ငံရေးပါတီများနှင့်သက်ဆိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံရေးပါတီများ၏ အရေးပါမှုတို့ကြောင့် တစ်ဖက်တွင် ဥပဒေပြုလွှတ်တော်သည် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာဖွဲ့စည်းခွင့်ကို အမြင့်မားဆုံးကာကွယ်ပြီး အာမခံချက်ပေးသည့် ဥပဒေများပြဋ္ဌာန်းသင့်ပြီး တစ်ဖက်တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၇၊ ပုဒ်မ ၂ အရ နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာဖွဲ့စည်းခွင့်ကို ကန့်သတ်သောဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်မှုအား တင်းတင်းကြပ်ကြပ် စိစစ်ကျင့်သုံးသင့်သည်။ ထို့ကြောင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် ပြည်သူ့သက်သာချောင်ချိရေးအတွက် လိုအပ်သည့်အချိန်မှသာ နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်အပေါ် မည်သည့်ကန့်သတ်ချက်ကိုမဆို ဆင်ခြင်တုံတရားဖြင့် သုံးသပ်နိုင်မည်ဖြစ်ပြီး ယင်းသို့ ကန့်သတ်ချက်များ ချမှတ်သည့်အခါ နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်၏ မရှိမဖြစ်လိုအပ်သော ကဏ္ဍများကို ချိုးဖောက်ခြင်းမပြုသင့်ပါ။

## (ဂ) ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်အပေါ် ပြန်လည်သုံးသပ်ချက်

### ၁။ ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်၏ တရားဝင်ဖြစ်မှု နှင့် နည်းလမ်းများ၏ သင့်လျော်မှု

၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဥပဒေ အမှတ် ၃၂၆၃ ဖြင့် ပြင်ဆင်ခဲ့သည့် နိုင်ငံရေးပါတီများ အက်ဥပဒေ၏ တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အတူ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို အမျိုးသားလုံခြုံရေးဥပဒေပြုကောင်စီက ပထမဦးစွာ စတင်တင်သွင်းခဲ့သည်။ သို့သော်လည်း ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်ကို စတင်တင်သွင်းသည့်အခါ ပြုလုပ်ခဲ့သည့် မှတ်တမ်းတစ်ခုခု သို့တည်းမဟုတ် အစည်းအဝေးမှတ်တမ်းများ သို့မဟုတ် နိုင်ငံရေးပါတီများ အက်ဥပဒေကိုပြင်ဆင်သည့် လုပ်ငန်းစဉ်တွင် အမျိုးသားလွှတ်တော်၏ နောက်ဆက်တွဲ အစည်းအဝေးမှတ်တမ်းများတွင် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၏ ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို ထုတ်ဖော်ထားခြင်းမရှိပါ။

ပါတီစုံစနစ်နှင့် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို အတိအလင်းအာမခံပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၁ သည် နိုင်ငံရေးပါတီများအကြား ယှဉ်ပြိုင်မှုကိုဖြစ်ပေါ်စေပြီး နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးအမြင်ကွဲပြားမှုနှင့် ပွင့်လင်းမှုကို အာမခံပေးထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၄ တွင် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ

ဖွဲ့စည်းခွင့်ကို ခိုင်ခိုင်မာမာ အကာအကွယ်ပေးထားသည်။ လွတ်လပ်သော ဒီမိုကရေစီအခြေခံ အမိန့်ကို ငြင်းဆန်ပြီး ဝေဖန်ထိုးနှက်ရန်ကြိုးစားနေသည့် နိုင်ငံရေးပါတီတစ်ရပ်ဖြစ်နေသော်လည်း ပြည်သူများက နိုင်ငံရေးသဘောထားအမြင်များ ပုံဖော်ရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသမျှ ကာလပတ်လုံး နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးနိုင်ရေးအတွက် အရည်အချင်းပြည့်မီသော နိုင်ငံရေးပါတီတစ်ရပ်အဖြစ် မှတ်ယူသင့်သည်။ နိုင်ငံရေးပါတီတစ်ရပ် သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း ဆုံးဖြတ်အတည်ပြုထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သာလျှင် နိုင်ငံရေးနယ်ပယ်မှ ယင်းပါတီကို ဖယ်ရှား နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၁ အရ အာမခံပေးထားသော နိုင်ငံရေးပါတီများ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၄ ပါ ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်တို့ကို ထည့်သွင်းစဉ်းစားပါက နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့်အပေါ် နိုင်ငံတော်၏ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်းသည်မူအားဖြင့် ခွင့်မပြုနိုင်ပေ။ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍကို ဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် သက်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ သတ်မှတ်ချက်များကို သတ်မှတ်ပေးခြင်းဖြင့် နိုင်ငံရေးပါတီတစ်ရပ် လွတ်လပ်စွာ ဖွဲ့စည်းခွင့် ကို တိကျစွာ ကန့်သတ်ထားသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံရေးအရ ထောက်ခံမှုအတိုင်းအတာ အဆင့်တစ်ခုကို မရရှိသေးသော ပါတီငယ် သို့မဟုတ် အသေးအဖွဲ့ပါတီသာဖြစ်သောကြောင့် ပြည်သူ များက နိုင်ငံရေး သဘောထားအမြင်များ ပုံဖော်ရေးလုပ်ငန်းစဉ်မှ နိုင်ငံရေးပါတီတစ်ရပ်ကို ဖယ်ထုတ် ထားသည့် မည်သည့်ဥပဒေကိုမဆို ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်မပြုသင့်ပါ။

တစ်ချိန်တည်းတွင် နိုင်ငံရေးပါတီများဆက်လက်တည်ရှိမှု၏ မရှိမဖြစ်အဓိပ္ပာယ်မှာ “ပြည်သူ များက နိုင်ငံရေးသဘောထားအမြင်များ ပုံဖော်ရေး” လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်၏ ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို ပြည်သူများ၏ နိုင်ငံရေး အမြင်များ ပေါ်ပေါက်ရေးလုပ်ငန်းစဉ်တွင် လက်တွေ့ကျကျ စွမ်းဆောင်နိုင်မှု မရှိသော သို့မဟုတ် လက်တွေ့ကျကျ မပါဝင်နိုင်သော နိုင်ငံရေးပါတီတစ်ရပ်ကို ပါတီစုံ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ထိုသို့သော လုပ်ငန်းစဉ်မှ ဖယ်ထုတ်နိုင်သည်ဟူသော အတိုင်းအတာအထိ တရားဝင်သည် ဟု ယူဆနိုင်သည်။ ပါတီနိုင်ငံရေးတစ်ရပ်အနေဖြင့် အမျိုးသားလွှတ်တော်တွင် အမတ်နေရာရရှိရေး သို့မဟုတ် ရွေးကောက်ပွဲတွင် မဲအရေအတွက် အတိုင်းအတာတစ်ခုအထိရရှိခြင်းသည် နိုင်ငံရေးပါတီ တစ်ရပ်အနေဖြင့် ပြည်သူများ၏ နိုင်ငံရေးသဘောထားအမြင်များ ဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် ရိုးသားသော ရည်ရွယ်ချက်နှင့် ပါဝင်ဆောင်ရွက်နိုင်မှု ရှိ မရှိကို ပြသသည့် ညွှန်ပြချက်တစ်ခု ဖြစ်နိုင် သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မရရှိ၍ သို့မဟုတ် သတ်မှတ်ထားသော မဲအရေအတွက် မရရှိ၍ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းသည် ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို အောင်မြင်စေရန် ထိရောက်သော နည်းလမ်းဖြစ်သည်။ ဤအမှုတွင် ပယ်ဖျက်ခြင်းဆိုင်ရာ

ပြဋ္ဌာန်းချက်သည် ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို တရားဝင်အောင် ဆောင်ရွက်ပေးသကဲ့သို့ ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို အောင်မြင်စေရန် သင့်လျော်သောနည်းလမ်းများကို ပံ့ပိုးပေးသည်။

## ၂။ ကန့်သတ်မှုအနည်းဆုံး နည်းလမ်းစမ်းသပ်မှုနှင့် အကျိုးစီးပွားသာတူညီမျှခြင်း စမ်းသပ်မှု

(က) ကိုယ်စားပြုဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍ ဖြစ်သောကြောင့် နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာဖွဲ့စည်းခွင့်ကို ကန့်သတ်သော ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် တတ်နိုင်သမျှ ကန့်သတ်မှုအနည်းဆုံးဖြစ်ရမည်ဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံရေးပါတီ မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းကို ထည့်သွင်းဖော်ပြထားသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ပြဋ္ဌာန်းရာတွင် မရှိမဖြစ်လိုအပ်သောနယ်ပယ်အတွင်း တိကျသောစံနှုန်းအပေါ် အခြေပြု၍ ပြဋ္ဌာန်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးပါတီ၏ နိုင်ငံရေးဆိုင်ရာ ဆောင်ရွက်ချက်လုပ်ဆောင်ရန် မဖြစ်နိုင်တော့ခြင်း၊ ၎င်းပါတီ၏ ဆက်လက်တည်ရှိမှုကို ပိတ်ပင်တားမြစ်ခြင်းကြောင့်ပင်ဖြစ်သည်။

နိုင်ငံရေးပါတီတစ်ခုအား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ဆုံးဖြတ်ချက်ဖြင့် နိုင်ငံရေးပါတီ တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်းနှင့်မတူညီဘဲ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံရေးပါတီကို ရပ်သိမ်းလိုက်သည့်အခါ အစားထိုးဖွဲ့စည်းသည့် နိုင်ငံရေးပါတီတစ်ခုကို ယင်းပယ်ဖျက်ခြင်းခံရသည့် နိုင်ငံရေးပါတီ၏ တူညီသော သို့မဟုတ် ဆင်တူသော မူဝါဒလမ်းစဉ်ဖြင့် တည်ထောင်နိုင်သည်။ ထို့အပြင် ပြဋ္ဌာန်းချက်တွင် သတ်မှတ်ဖော်ပြထားသည့် သတ်မှတ်ကာလကုန်ဆုံးပြီးနောက် ပယ်ဖျက်ခြင်းခံလိုက်ရသည့် နိုင်ငံရေးပါတီ၏ ပါတီအမည်ကို ပြန်လည်အသုံးပြုနိုင်ကြောင်း နိုင်ငံရေးပါတီ အက်ဥပဒေ ပုဒ်မ ၄၈၊ ၄၁ ပုဒ်မခွဲ ၄ တွင် မြင်တွေ့နိုင်ပါသည်။ ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်ကို အကောင်ထည်ဖော်ရန်အတွက် ဥပဒေပြုရေးဆိုင်ရာ ကန့်သတ်မှုနည်းသော နည်းလမ်းများ ရွေးချယ်သင့်ပါသည်။ ဤအမှုတွင် ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်ကို အပြည့်အဝ အကောင်ထည်ဖော်နေစဉ် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များထက် ကန့်သတ်မှု အနည်းဆုံးဖြစ်သော ကန့်သတ်မှုနည်းလမ်းများကို ကျင့်သုံးကြောင်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ဥပမာအားဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတစ်ခုတည်း၏ ရလဒ်အပေါ် အခြေခံခြင်းမဟုတ်ဘဲ နိုင်ငံရေးပါတီတစ်ရပ်၏ မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းကို အချိန်အတိုင်းအတာတစ်ခုအထိ ရွေးကောက်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်၍ အခွင့်အရေးများ ပေးအပ်ပြီးနောက်ရရှိလာသော ရွေးကောက်ပွဲရလဒ်အပေါ်မူတည်၍ ဆုံးဖြတ်နိုင်သည်။ ထို့အပြင် အသစ်စတင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများသည် အစပိုင်းတွင် နိုင်ငံရေးအရ ထောက်ခံမှု မြင့်မြင့်မားမားရရှိရန် ခက်ခဲသောကြောင့် ပါတီမှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းကို အကြံပြုထားသည့် ကိုယ်စား

လှယ်လောင်းများ၏ မဲဆန္ဒနယ်များခွဲဝေမှု၊ မဲဆန္ဒနယ်အရေအတွက်နှင့် ယင်းမဲဆန္ဒနယ်များမှ ရရှိလာသော ဆန္ဒမဲရရှိနှုန်းတို့ကို ပေါင်းစပ်ကာ ဆုံးဖြတ်နိုင်သည်။

ယင်းကဲ့သို့ ပြည်သူများ၏ နိုင်ငံရေးသဘောထားအမြင်များ ဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လိုသော ဆန္ဒ သို့မဟုတ် စွမ်းဆောင်ရည် မရှိသော နိုင်ငံရေးပါတီများကို ချန်လှပ်၍ ပြည်သူလူထု၏ ထောက်ခံမှုနှင့် ယုံကြည်မှု အပြည့်အဝရရှိထားသော ပါတီမူဝါဒများ တိုးတက်စေရန် နိုင်ငံရေးပါတီများကို တွန်းအားပေးနိုင်သည့် အခြားနည်းလမ်းများရှိသော်လည်း ဥပဒေပြုလွှတ်တော်၏ ရွေးချယ်မှုအရ နိုင်ငံရေးပါတီတစ်ခု၏ မှတ်ပုံတင်စာရင်း ပယ်ဖျက်ရခြင်းမှာ အမျိုးသားလွှတ်တော်တွင် အမတ်နေရာမရရှိခြင်းကြောင့် (သို့မဟုတ်) အချို့သော မဲအရေအတွက်ရရှိရန် ကန့်သတ်မှုအနည်းဆုံး သတ်မှတ်ချက်ကို ဖြည့်ဆည်းမပေးနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ ။

(ခ) နိုင်ငံရေးပါတီများ အက်ဥပဒေ အပိုဒ် ၄၄၊ ပုဒ်မ ၁ တွင် ပြည်သူများ၏ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်များ ဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ရန် ခိုင်မာသော ဆန္ဒ သို့မဟုတ် လက်တွေ့ကျသော စွမ်းဆောင်ရည်မရှိသည့် နိုင်ငံရေးပါတီတစ်ခုကို ချန်လှပ်ထားခြင်းဖြစ်နိုင်ပြီး ယင်းဥပဒေအပိုဒ်တွင် ဖော်ပြထားသော အချက်များအရ နိုင်ငံရေးပါတီတစ်ခုသည် နိုင်ငံရေးပါတီများအက်ဥပဒေ အပိုဒ် ၁၇ (သတ်မှတ်ထားသောမြို့နယ် ပါတီအရေအတွက်) နှင့် အပိုဒ် ၁၈ (သတ်မှတ်ထားသောမြို့နယ် ပါတီဝင်များ၏ အရေအတွက်) အရ သတ်မှတ်ချက်များကို ကျေနပ်အောင် မစွမ်းနိုင်သည့်အခါတွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရာထူးသက်တမ်းကုန်ဆုံးသွားခြင်းကြောင့် သို့မဟုတ် မြို့နယ်ကောင်စီ အဖွဲ့ဝင်များ သို့မဟုတ် ဒေသဆိုင်ရာအစိုးရအဖွဲ့ အကြီးအကဲများ၏ ရာထူးသက်တမ်းကုန်ဆုံးသွားခြင်းကြောင့် သက်ဆိုင်ရာရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လွန်ခဲ့သော (၄) နှစ်အတွင်း ပျက်ကွက်ခြင်းကြောင့်ဖြစ်စေ ယင်းပါတီများ၏ မှတ်ပုံတင်စာရင်းကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ထို့ပြင် နိုင်ငံရေးရန်ပုံငွေအက်ဥပဒေ ပုဒ်မ ၂၇ တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီက မဲအရေအတွက် အချိုးအစားနှင့် အညီရရှိသော ရွေးကောက်ပွဲထောက်ပံ့ကြေးနှင့် သာမန်ခွဲဝေမှုအရ ရရှိသော နိုင်ငံ၏ထောက်ပံ့ကြေးငွေနှင့်အတူ နိုင်ငံရေးဆိုင်ရာ သတ်မှတ်ထားသည့် ထောက်ပံ့မှုအဆင့်တစ်ခုအထိ မရရှိနိုင်သော နိုင်ငံရေး ပါတီတစ်ခုကိုမှု ဖော်ပြထားခြင်းမရှိပေ။

ထို့ကြောင့် လက်ရှိဥပဒေအရ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်မှလွဲ၍ ပြည်သူလူထု၏ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်များ ပေါ်ပေါက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒ သို့မဟုတ် စွမ်းဆောင်ရည်မရှိသော နိုင်ငံရေးပါတီကို ဖျက်သိမ်းရန် လုံလောက်သော နည်းလမ်းများစွာရှိသည်။ ထို့ပြင် အမေရိကန်၊ ဂျာမဏီနှင့် ဂျပန်နိုင်ငံတို့ကဲ့သို့ အခြားနိုင်ငံများ၏ ဥပဒေများတွင်မူ အမျိုးသားလွှတ်တော်တွင် အမတ်နေရာရရှိရေး သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရေး ပါတီမှ ရရှိသော မဲအရေအတွက်အချိုးသည် နိုင်ငံရေးပါတီပယ်ဖျက်ခြင်းကို ဆုံးဖြတ်သော အခြေခံအချက်

တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ နိုင်ငံရေးပါတီအနေဖြင့် နိုင်ငံတော်၏ ထောက်ပံ့ကြေးငွေ ရရှိနိုင်မည် ဟုတ် မဟုတ်ကို ဆုံးဖြတ်ရမည့် အချက်များထဲမှ အခြေခံအချက် တစ်ချက်သာဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

(ဂ) အဆိုပါ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ တွင် သတ်မှတ်ထားသော ထောက်ပံ့မှုအဆင့်တစ်ခုရရှိရန် တစ်ကြိမ်ပျက်ကွက်ခြင်းအပေါ် အခြေခံ၍ မှတ်ပုံတင်စာရင်းကို ချက်ချင်းပယ်ဖျက်ခြင်းဖြစ်သည်။ နိုင်ငံရေးပါတီတစ်ခုသည် ဒေသဆိုင်ရာအစိုးရ ရွေးကောက်ပွဲများ သို့မဟုတ် သမ္မတရွေးကောက်ပွဲတို့တွင် မည်သို့ပင်အောင်မြင်မှုရရှိခဲ့ခြင်းကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ မှတ်ပုံတင်ခြင်းအား ပယ်ဖျက်ခြင်းသည် သင့်တော်မှုမရှိသောအကျိုး ဆက်များဖြစ်ပေါ်စေသည်။ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကြောင့် အသစ်ဖွဲ့စည်းထားသော ပါတီငယ်များသည် ရွေးကောက်ပွဲတွင် အကျုံးမဝင်တော့ဘဲ ပြည်သူလူထု၏ နိုင်ငံရေးသဘောထား အမြင်များ ဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်လိုသော ဆန္ဒဖော်ထုတ် ပြသနိုင်ရန် အခွင့်အလမ်းများလည်း ဆုံးရှုံးသွားမည်ဖြစ်သည်။ ရလဒ်အနေဖြင့် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် ပြည်သူများ၏ နိုင်ငံရေးသဘောထားအမြင်များ ဖော်ထုတ်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် စစ်မှန်သောရည်ရွယ်ချက်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်နေချိန်၌ ပြည်သူများ၏ ထောက်ခံမှုရရှိစေရန်နှင့် အဓိကပါတီကြီးများ ဖြစ်လာစေရန် အခွင့်အရေးရှိသော အသစ်ဖွဲ့စည်းထားသည့် ပါတီ (သို့) ပါတီငယ်များကို ဖယ်ရှားလိုက်ခြင်းပင်ဖြစ် သည်။ ထို့အပြင် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် နိုင်ငံရေးအမြင်ကွဲပြားမှုနှင့် ပွင့်လင်းမြင်သာမှု တို့ကို ထိခိုက်စေနိုင်သည်။

(ဃ) အခြေခံအခွင့်အရေးများအပေါ် သတ်မှတ်ထားသောကန့်သတ်ချက်များအဆင့်အတန်း သည် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ရရှိလာမည်ဟု ရည်ရွယ်ထားရှိသည့် အများပြည်သူအကျိုးစီးပွားကို မျှတစေရမည်။ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်မှ ရရှိလာမည့် အများပြည်သူအကျိုးစီးပွားသည် နိုင်ငံရေးသဘောထားအမြင်များ ဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လိုသော ဆန္ဒ သို့မဟုတ် စွမ်းဆောင်ရည် မရှိသော နိုင်ငံရေးပါတီများကို ချန်လှပ်ခြင်းဖြင့် ပါတီစုံဒီမိုကရေစီကို တိုးတက်စေရန်သာဖြစ်သည်။ သို့သော် ဥပဒေပြုရေးဆိုင်ရာရည်ရွယ်ချက်က အများပြည်သူ အကျိုး စီးပွားကို အမှန်တကယ်အသုံးဝင်ခြင်း ရှိ မရှိ ရှင်းလင်းပြတ်သားမှုတော့ မရှိသေးပေ။ ထို့ကြောင့် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်မှရရှိသော ပြည်သူ့အကျိုးစီးပွားနှင့် ယင်းပြဋ္ဌာန်းချက်မှ ထွက်ပေါ် လာသော အပြုသဘောမဆောင်သည့် သက်ရောက်မှုအကြား သိသိသာသာကွဲပြားသည်ဟု ထင်မြင် သည်။

(င) ထို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာရရှိရန် ရှုံးနိမ့်သည့်အပြင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်၍ သတ်မှတ်ထားသည့်

မဲအရေအတွက် မရရှိသော နိုင်ငံရေးပါတီတစ်ခု၏ မှတ်ပုံတင်စာရင်းကို ပယ်ဖျက်သည့်ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် ကန့်သတ်မှုအနည်းဆုံးနည်းလမ်းနှင့် အကျိုးစီးပွားသာတူညီမျှမှု နည်းလမ်းနှစ်ခုစလုံးနှင့် မကိုက်ညီပေ။

အထက်တွင် သုံးသပ်ချက်များအရ ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် တရားဝင်ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်တစ်ခုအဖြစ် ဆောင်ရွက်ပေးပြီး သင့်လျော်သော နည်းလမ်းများကို ပံ့ပိုးပေးသော်လည်း ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် ကန့်သတ်မှုအနည်းဆုံး နည်းလမ်းများ၏ သတ်မှတ်ချက်ကို မဆောင်ရွက်ပေးနိုင်သကဲ့သို့ ဥပဒေဆိုင်ရာ အကျိုးအမြတ်များအကြား ချိန်ညှိမှုကိုလည်း ထိရောက်မှုမရှိစေနိုင်ပေ။ ထို့ကြောင့် အလွန်အကျွံကန့်သတ်မှု နည်းလမ်းကို ချိုးဖောက်ခြင်းဖြင့် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် တိုင်တန်းသူများ၏ နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ချိုးဖောက်ရာရောက်ပါသည်။

**(ဃ) တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အပေါ် ပြန်လည်သုံးသပ်ခြင်း**

တားမြစ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံလိုက်ရသည့် နိုင်ငံရေးပါတီတစ်ရပ်၏ ပါတီအမည်ကို မှတ်ပုံတင်စာရင်း ပယ်ဖျက်ခြင်းခံရသည့်နေ့မှစ၍ သက်တမ်းကုန်ဆုံးသောကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ပွဲကျင်းပသည့်နေ့အထိ နိုင်ငံရေးပါတီတစ်ခု၏ ပါတီအမည်သုံးစွဲခြင်းအား တားမြစ်ထားသည်။ ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည် တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို အခြေတည်ထားပြီး ပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ရာ၌ တွေ့ရှိခဲ့ရသော အထက်ဖော်ပြပါ သုံးသပ်ဖော်ပြခဲ့သည့် အကြောင်းအရင်းများနှင့် တူညီစွာ တားမြစ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်သည်လည်း နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကိုလည်း ချိုးဖောက်ရာရောက်သည်။

ဖော်ပြပါအကြောင်းပြချက်များကြောင့် ပယ်ဖျက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်နှင့် တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်သည်ဟု အမိန့်ချမှတ်သည်။ ပါဝင်ဆုံးဖြတ်သည့် တရားသူကြီးများ၏တညီတညွတ်တည်းသဘောထားအပေါ် အခြေခံထား၍ ဤဆုံးဖြတ်ချက်ကို ဆုံးဖြတ်ခြင်းဖြစ်သည်။

**၇။ အကျိုးသက်ရောက်မှုနှင့် အကောင်အထည်ဖော်မှု**

ယခု တင်သွင်းလွှာအမှု၏ ဆုံးဖြတ်ချက် အဓိပ္ပာယ်အပြည့်အစုံမှာ နိုင်ငံရေးပါတီတစ်ခု လွတ်လပ်စွာ ဖွဲ့စည်းခြင်းတွင် နိုင်ငံရေးပါတီ၏ လုပ်ငန်းများနှင့် ဆက်လက်တည်ရှိမှုသည် လွတ်လပ်မှုရှိရမည် ဖြစ်ကြောင်းကို အတည်ပြုထောက်ခံခြင်းဖြစ်သည့်အပြင် ကိုယ်တိုင်စိတ်တိုင်းကျရွေးချယ်ထားသော နိုင်ငံရေးပါတီနာမည် အသုံးပြု၍ ပါတီလုပ်ငန်းများထမ်းဆောင်ခြင်း သို့မဟုတ် ပါတီတည်ထောင်ခြင်းကို လွတ်လပ်စွာ ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

ယင်းတင်သွင်းလွှာအမှု၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ချက်ချင်းတရားမဝင်ပျက်ပြယ်ခဲ့သောကြောင့် အစိမ်းရောင်ပါတီ၊ လူငယ်ပါတီနှင့် တိုးတက်ရေးပါတီသစ်တို့သည် ၎င်းတို့၏ သက်ဆိုင်ရာပါတီနာမည်ကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဇွန် လ ၄ ရက်နေ့တွင် ကျင်းပသော ဒေသဆိုင်ရာရွေးကောက်ပွဲများတွင် ၎င်းတို့၏ ပါတီကိုယ်စားလှယ်လောင်းများကို အကြံပြုထောက်ခံနိုင်ပါသည်။

## ၈။ လေ့လာတွေ့ရှိချက်နှင့် အကြံပြုတင်ပြချက်

တင်သွင်းလွှာအမှုများ အမှုနံပါတ်တပ်ခြင်းနှင့်စပ်လျဉ်း၍ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအနေဖြင့် အမှုအမျိုးအစားပေါ်မူတည်၍ အမှုနံပါတ် ခွဲခြားထားသည်ကို တွေ့ရှိရသည်။ ယင်းမှာ-ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အက်ဥပဒေ အပိုဒ် ၂ (က) တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun-Ka ဟုလည်းကောင်း၊ အပိုဒ် ၂ (ခ) အရ တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun-Na ဟုလည်းကောင်း၊ အပိုဒ် ၂ (ဂ) အရ တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun-Da ဟုလည်းကောင်း၊ အပိုဒ် ၂ (ဃ) အရ တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun-Ra ဟုလည်းကောင်း၊ အပိုဒ် ၂ (င) နှင့်အညီ တင်သွင်းခြင်း ဖြစ်သော်လည်း အပိုဒ် ၆၈ (၁) အရ တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun-Ma ဟုလည်းကောင်း၊ အပိုဒ် ၂ (င) နှင့်အညီ တင်သွင်းခြင်းဖြစ်သော်လည်း အပိုဒ် ၆၈ (၁) အရ တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun- Ba ဟု လည်းကောင်း၊ တရားရုံးသို့ အကြံဉာဏ်ပေးရန် တင်သွင်းသော တင်သွင်းလွှာအမှုများကို Hun-Sa ဟုလည်းကောင်း၊ တင်သွင်းလွှာအမှုများကို ပြန်လည်စိစစ်သုံးသပ်ခြင်းကဲ့သို့သော သီးခြားအထူးကိစ္စရပ်များဖြစ်သည့် တင်သွင်းလွှာအမှုများကို Hun-A ဟုလည်းကောင်း အမှုဖြစ်အကြောင်းအရာပေါ်မူတည်၍ ခွဲခြားထားသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် ၂၀၁၂ Hun-Ma ၄၃၁ တင်သွင်းလွှာအမှုတွင် ၂၀၁၂ သည် တင်သွင်းသည့်ခုနှစ်၊ Hun-Ma သည် အမှုအမျိုးအစားဖြစ်ပြီး ၄၃၁ သည် အမှုအရေအတွက် နံပါတ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံ၏ တရားရုံးများတွင် ကျင့်သုံးလျက်ရှိသော အမှုနံပါတ်တပ်သည့်ပုံစံမှာလည်း ဥပမာအားဖြင့် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အထူးအယူခံအမှတ် ၁၆ တွင် ၂၀၁၈ သည် တင်သွင်းသည့်ခုနှစ်၊ ရာဇဝတ်အထူးအယူခံသည် တင်သွင်းသည့်အမှုအမျိုးအစားဖြစ်ပြီး ၁၆ မှာ အမှုအရေအတွက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တရားမမှုနှင့် ပြစ်မှုများတွင်လည်း ထိုနည်းတူစွာ ခွဲခြားထားသည်ကို သိရှိရပါသည်။

ဆက်လက်၍ ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဥပဒေတစ်ခုခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေအရ စိစစ်ခြင်းစံနှုန်းသတ်မှတ်ချက် (၃) နည်းဖြင့် စိစစ်

ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ စိစစ်ခြင်းစံနှုန်းသတ်မှတ်ချက် (၃) နည်းမှာအခြေခံ ယုတ္တိတန်သောစိစစ်ခြင်း (rational basis review)၊ အလယ်အလတ်ဖြစ်သောစိစစ်ခြင်း (intermediate scrutiny) နှင့် တိတိကျကျ စိစစ်ခြင်း (strict scrutiny) တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၈ တွင် နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရာတွင် နိုင်ငံတော်အခြေခံမူများနှင့် စိစစ်ရမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

အထက်ပါ တွေ့ရှိရချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အဓိကအားဖြင့် တင်သွင်းလွှာများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားရယူခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ (က) အရ တင်သွင်းလာသော တင်သွင်းလွှာများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ (ခ) နှင့် (ဂ) အရ တင်သွင်းလာသော တင်သွင်းလွှာများကို သဘောထားရယူခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ (ဃ)၊ (င) ၊ (စ) နှင့် (ဆ) တို့အရ တင်သွင်းလာသော တင်သွင်းလွှာများကို ဆုံးဖြတ်ခြင်းအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၂ (ဃ) ၊ (င) နှင့် (စ) တို့တွင် ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃ အရ တရားရုံးတစ်ရုံးက စိစစ်ဆဲအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက ခုံရုံး၏ အဆုံးအဖြတ်ကို ရယူနိုင်ကြောင်းကိုလည်း တွေ့ရှိရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ အရလည်းကောင်း၊ ပုဒ်မ ၃၂၃ အရ လည်းကောင်း တင်သွင်းလာသော တင်သွင်းလွှာများကိုလည်း အမှုနံပါတ်တပ်ရာတွင် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၌ ဆောင်ရွက်သည့် အမှုနံပါတ်တပ်သည့်ပုံစံအား ကိုးကားအသုံးပြုနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဒီမိုကရေစီကို အခြေခံပြီး တရားမျှတပြီး လွတ်လပ်သော တရားစီရင်ရေးပေါ်ပေါက်လာရန်နှင့် အခြေခံအခွင့်အရေးများကို ကာကွယ်ရန် အဓိကထားရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယင်းတရားရုံးပေါ်ပေါက်ခဲ့သည့် ကာလသည် နှစ်ပေါင်း (၃၀) ကျော် တည်ရှိခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် တင်သွင်းခဲ့သော တင်သွင်းလွှာအမှုပေါင်း ၄၇၂၇၁ မှုရှိသည့်အနက် ၄၅၅၉၉ မှုကို စိစစ်ဆုံးဖြတ်ခဲ့သည်။ ဆက်လက်စိစစ်ရန် ကျန်ရှိနေသော တင်သွင်းလွှာအမှုပေါင်း ၁၆၇၂ မှုသာ

ရှိသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက တိုက်ရိုက်တင်သွင်းနိုင်သောကြောင့် တင်သွင်းလွှာအမှုများစွာကို စိစစ်သုံးသပ်လျက်ရှိသည်။ ထို့အပြင် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် abstract review နှင့် concrete reveiw နှစ်မျိုးစလုံးကို စိစစ်သည့် တရားရုံးတစ်ရုံးပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဆက်စပ်ပြဋ္ဌာန်းချက်များ

### နိုင်ငံရေးပါတီများ အက်ဥပဒေ (အက်ဥပဒေ အမှတ် ၇၆၈၄ ဩဂုတ် လ ၊ ၂၀၁၅)

ပုဒ်မ ၄၀ (အစားထိုးနိုင်ငံရေးပါတီများကိုတားမြစ်ခြင်း)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းလိုက်သည့်အခါ ဖျက်သိမ်းခြင်းခံလိုက်ရသည့် နိုင်ငံရေးပါတီ၏ တူညီသော သို့မဟုတ် ဆင်တူသော အခြေခံမူဝါဒများကို အခြေခံ၍ မည်သည့်နိုင်ငံရေးပါတီမှ တည်ထောင်ခွင့်မပြုရ။

ပုဒ်မ ၄၁ (အလားတူ ပါတီခွဲ အသုံးပြုခြင်းကို တားမြစ်ခြင်း)

(၁) ဤအက်ဥပဒေအရ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီမဟုတ်ပါက နိုင်ငံရေးပါတီ တစ်ခုဖြစ်ကြောင်း ဖော်ညွှန်းသော စာလုံးများကို ၎င်း၏ ခေါင်းစဉ်တွင် အသုံးပြုမရ။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်းခံလိုက်ရ သော နိုင်ငံရေးပါတီတစ်ခု၏ နာမည်နှင့် တူညီသည့် မည်သည့်နာမည်ကိုမဆို နိုင်ငံရေးပါတီ တစ်ခု၏ နာမည်အဖြစ် ထပ်မံ သုံးစွဲခြင်းမပြုရ။

(၃) နိုင်ငံရေးပါတီ နှင့် နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး ကော်မတီ တို့၏ (၎င်း၏ အတိုကောက်အပါအဝင်) ခေါင်းစဉ်သည် နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ကြိုတင် ပြင်ဆင်ရေးကော်မတီက အသုံးပြုသည့်နာမည်နှင့် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ နာမည်တို့ နှင့် ထင်ရှားစွာကွဲပြားစေရမည်။

ပုဒ်မ ၄၄ (မှတ်ပုံတင်ခြင်းကိုရုပ်သိမ်းခြင်း)

(၁) နိုင်ငံရေးပါတီတစ်ရပ်သည် အောက်ဖော်ပြပါ အပိုဒ်ခွဲများအနက်တစ်ခုခုဖြင့် အကျုံးဝင်ပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏ မှတ်ပုံတင်ခြင်းကို ရုပ်သိမ်းရမည်-

၁။ အပိုဒ် ၁၇ နှင့် ၁၈ ပါ သတ်မှတ်ချက်များကို ဆောင်ရွက်ပေးနိုင်စွမ်းမရှိသည့်အခါ ခြွင်းချက်အားဖြင့် ယင်းသတ်မှတ်ချက်များဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်းသည် အထွေထွေ ရွေးကောက်ပွဲနေ့မတိုင်မီ သုံးလအလိုတွင် ဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်းဖြစ်ပါက ရွေးကောက်ပွဲ ကျင်းပပြီးသည့်နေ့အထိ လည်းကောင်း၊ အခြားကိစ္စရပ်များကြောင့် ပျက်ကွက်ပါက ပျက်ကွက်သည့် နေ့မှ (၃) လ အထိလည်းကောင်း ယင်းပြန်လည်ရုပ်သိမ်းခြင်းကို ရွှေ့ဆိုင်းရမည်။

၂။ မြို့တော်ကောင်စီအဖွဲ့ဝင် သို့မဟုတ် ဒေသဆိုင်ရာအစိုးရအဖွဲ့ ရာထူးသက်တမ်း ကုန်ဆုံးခြင်း (သို့) အမျိုးသားလွှတ်တော် အဖွဲ့ဝင်များ ရာထူးသက်တမ်းကုန်ဆုံးပြီး လေးနှစ်အတွင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပျက်ကွက်သောအခါ

၃။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် အမျိုးသားလွှတ်တော်တွင် အမတ်နေရာမရရှိခြင်း နှင့် စုစုပေါင်းမဲအရေအတွက်၏ ၁၀၀ ပုံ ၂ ပုံ ထက်ပို၍ ကိုယ်စားလှယ် အရေအတွက် မရရှိခြင်းတို့ ဖြစ်ပွားသည့်အခါ

(၂) အပိုဒ်ခွဲ (၁) အရ မှတ်ပုံတင်စာရင်း ရုပ်သိမ်းခြင်းခံရသည့်အခါ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က ယင်းအကျိုးသက်ရောက်မှုကို နှောင့်နှေးခြင်းမရှိဘဲ အများပြည်သူသိရှိအောင် အသိပေးရမည်။

**နိုင်ငံရေးရန်ပုံငွေ အက်ဥပဒေ (အက်ဥပဒေ အမှတ် ၇၆၈၂၊ ဩဂုတ် လ ၄၊ ၂၀၀၅)**

ပုဒ်မ ၂၇ (ခွဲဝေထောက်ပံ့ကြေးများ)

(၁) အမျိုးသားလွှတ်တော်အက်ဥပဒေ အပိုဒ် ၃၃(၁) ပါ အဓိကပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံရေးပါတီများထံသို့ ထောက်ပံ့ကြေးများ ခွဲဝေပေးချိန်တွင် နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သည့် ဥပဒေပြုအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော ညှိနှိုင်းရေးအဖွဲ့များကို ဖွဲ့စည်းသည့် နိုင်ငံရေးပါတီများထံသို့ သာမန်ထောက်ပံ့ကြေး၏ ၁၀၀ ပုံ ၅၀ပုံ နှင့် ရွေးကောက်ပွဲ ထောက်ပံ့ကြေးများကို အညီအမျှ ခွဲဝေပေးရမည်။

(၂) သာမန်ထောက်ပံ့ကြေး၏ ၁၀၀ ပုံ ၅ ပုံ နှင့် ရွေးကောက်ပွဲထောက်ပံ့ကြေးများကို ခွဲဝေပေးရာ၌ အပိုဒ် (၁) တွင် ဖော်ပြထားသည့် ခွဲဝေပေးချေမှုနှင့် မသက်ဆိုင်သောသူများနှင့် အမျိုးသားလွှတ်တော်တွင် အမတ်နေရာ(၅)နေရာ ထက်မနည်းရရှိသော နိုင်ငံရေးပါတီတစ်ခုစီအား ခွဲဝေပေးချေရမည်ဖြစ်သည်။ သာမန်ထောက်ပံ့ကြေးများ၏ ၁၀၀ ပုံ ၂ ပုံ နှင့် ရွေးကောက်ပွဲထောက်ပံ့ကြေးများကို အမျိုးသားလွှတ်တော်တွင် အမတ်နေရာ(၅)နေရာ အောက်နည်း၍ ကိုယ်စားလှယ်နေရာ ရရှိထားသော နိုင်ငံရေးပါတီများ သို့မဟုတ် အမတ်နေရာ မရရှိသော နိုင်ငံရေးပါတီများအနက်မှ အောက်ဖော်ပြပါပုဒ်မခွဲများပါ အချက်များနှင့် ကိုက်ညီနေသော နိုင်ငံရေးပါတီအား ခွဲဝေပေးရမည်-

၁။ သက်တမ်းကုန်ဆုံး၍ မကြာသေးမီကကျင်းပခဲ့သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီတစ်ခုခုဖြစ်ပါက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲတွင် ရရှိခဲ့သော ဆန္ဒမဲအရေအတွက် အချိုးသည် ၁၀၀ ပုံ ၂ ပုံ ထက်မနည်းစေရ။

၂။ သက်တမ်းကုန်ဆုံး၍ မကြာသေးမီက ကျင်းပခဲ့သော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများအနက်မှ အပိုဒ်ခွဲ(၁)အရ အကျုံးမဝင်သော နိုင်ငံရေးပါတီတစ်ခုခုဖြစ်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသော မဲဆန္ဒနယ်မြေရှိ အချိုးကျကိုယ်စားလှယ် မြို့တော်ကောင်စီဝင်များ၊ မဲဆန္ဒနယ်မြို့တော်ကောင်စီဝင်များ၊ မြို့တော်ဝန်၊ အုပ်ချုပ်ရေးမှူး (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ GU/SI/GUN အကြီးအကဲတို့အတွက် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ရရှိသော မဲအရေအတွက် အချိုးသည် ၀.၅/၁၀၀ ထက်မနည်းစေရ။

၃။ သက်တမ်းကုန်ဆုံး၍ မကြာသေးမီက ကျင်းပခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသော နိုင်ငံရေးပါတီတစ်ခုခုဖြစ်နေပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာနိုင်ငံရေးပါတီကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသော မဲဆန္ဒနယ်မြေရှိ အချိုးကျကိုယ်စားပြု မြို့တော်ကောင်စီဝင်များ မဲဆန္ဒနယ် မြို့နယ်ကောင်စီဝင်များ၊ မြို့တော်ဝန် အုပ်ချုပ်ရေးမှူး(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ GU/SI/GUN တို့၏ အကြီးအကဲများအတွက် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ရရှိသော မဲအရေအတွက် အချိုးသည် ၂/၁၀၀ ထက်မနည်းစေရ။

(၃) ကိုယ်စားလှယ်အရေအတွက် အချိုးအစားအရ ထောက်ပံ့ကြေးများကို ခွဲဝေပေးဆောင်ချိန်တွင် အပိုဒ် (၁) နှင့် (၂) တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ ခွဲဝေပေးချေသည့် ပမာဏမှလွဲ၍ ကျန်ရှိသော ငွေပမာဏ၏ ၅၀/၁၀၀ ကို အမျိုးသားလွှတ်တော်တွင် နေရာယူထားသည့် နိုင်ငံရေးပါတီများသို့ ခွဲဝေပေးချေရမည်။ ကျန်ငွေများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲတွင်ရရှိသည့် မဲအရေအတွက်အချိုးအစားတိုင်းခွဲဝေပေးရမည်။

(၄) ရွေးကောက်ပွဲထောက်ပံ့ကြေးများကို သက်ဆိုင်ရာရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းကိစ္စအတွက် သတ်မှတ်ထားသော နောက်ဆုံးရက်တွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ပျက်ကွက်သော မည်သည့်နိုင်ငံရေးပါတီကိုမျှ ခွဲဝေပေးချေခြင်း မပြုရ။

(၅) အခြားလိုအပ်သောကိစ္စရပ်များ။ ထောက်ပံ့ကြေးပေးဆောင်ခြင်းနှင့် သက်ဆိုင်သောကာလနှင့် လုပ်ထုံးလုပ်နည်းများကို အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ စည်းမျဉ်းဥပဒေများဖြင့် ဆုံးဖြတ်ရမည်။

# ကိုးကားစာရင်း


၁။ The Constitutional Court System of Korea: The New Road for Constitutional Adjudication, Dae-Kyu Yoon, Journal of Korean Law, Vol.1, No.2, 2001.

၂။ Encyclopedia of World Constitutions, edited by Gerhard Robbers, 2007.

၃။ Constituional Court Decisions (2014), Constitutional Court of Korea, 2015.

၄။ Thirty Years of the Constitutional Court of Korea (1988-2018), Constitutional Court of Korea, 2018.

၅။ Constitutional Court Act amendment through 2022, Constituional Court of Korea, 2022.

၆။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ(၁)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၁၂။

၇။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်၊ အတွဲ (၁)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၁၈။

၈။ www.constitutionnet.org.